**ဖိုကိုလာရေလှုပ်ရှားမှု**

**အသက်ပေးသည့်
နှုတ်တော်ထွက်စကား**

ဧပြီ ၂၀၁၅

## “ငါသည် အားလုံးသောသူတို့အတွက် အားလုံးသောအရာဖြစ်လာ၏”(၁ကော် ၉း၂၂)

ယခုလအသက်ပေးသည့်နှုတ်တော်ထွက်စကားအတွက်ရွေးချယ်သော ကော်ရင့်သုမြို့သားတို့ထံရေးသော သူ၏ပထမစာမှာ ရှင်ပေါလုသည် အချို့ခရစ်ယာန်များက သူ့အားယုံကြည်မှုနည်းခြင်းအပေါ် ချေပပြောဆိုထားခြင်းဖြစ်ပါသည်။ ၎င်းတို့က သူ့အား တမန်တော်တစ်ပါးဖြစ်ခြင်းကို သံသယဖြစ်ကြသည် သို့မဟုတ် လက်မခံဘဲရှိကြသည်။ ‘သူသည် သခင်ယေရှုးကိုဖူးတွေ့ခဲ့ကြောင်း’(၁ကော် ၉း၁ တွင်ရှု) ဖေါ်ပြလျက် တမန်တော်တစ်ပါးဖြစ်ထိုက်သောအရည်အချင်းများကို အပြည့်အဝထုတ်ဖေါ်ပြခဲ့ပြီးနောက် ရှင်ပေါလုက သူသည် အဘယ့်ကြောင့်နှိမ့်ချစွာလုပ်ဆောင်ခဲ့ကြောင်းနှင့် သူပြုသောအမှုအရာအတွက် မည်သည့်ရပိုင်ခွင့်ကိုမျှ မယူခြင်းကို လေးစားတန်ဖိုးထားကြောင်း ရှင်းပြခဲ့ပါသည်။ တမန်တော်တစ်ပါးအနေဖြင့် သူ၏လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကိုပြသနိုင်သော်လည်း ရှင်ပေါလုက မိမိကိုယ်ကို “အားလုံးသောသူတို့၏အစေခံ” အဖြစ်ပြုဖို့ အလိုရှိခဲ့ပါသည်။ ယင်းကား သူ၏ဧဝံဂေလိသတင်းကောင်း ဟောကြားသည့် နည်းဗျူဟာပင်ဖြစ်သည်။

သူက သမ္မာကျမ်းစာတော်မြတ်၏ရည်ရွယ်ချက်အတိုင်း မည်သည့်လူတန်းစားနှင့်မဆို ထိုသူတို့နှင့် တစ်လုံးတစ်ဝတည်းဖြစ်လာအောင် ချဉ်းကပ်ပါသည်။ သူက အခြားသူတို့နှင့် တစ်လုံးတစ်ဝတည်းဖြစ်အောင် “ငါ့ကိုယ်ငါပြု၏” ဟု ငါးကြိမ်တိုင်ဆိုခဲ့ပါသည်။ ဂျူးလူမျိုးတို့အားမေတ္တာထားလျက် မောရှေ၏ပညတ်တရား လက်အောက်ခံမဟုတ်သော်လည်း ထိုသူတို့ကိုဆွဲဆောင်ရန် ပညတ်တရားကို လိုက်နာကျင့်သုံးသူတစ်ဦး ကဲ့သို့လည်းကောင်း၊ မောရှေ၏ပညတ်တရားကိုမလိုက်လျှောက်သော ဂျူးလူမျိုးမဟုတ်သူများတို့အား ဆွဲဆောင်ရန် ထိုသူတို့နှင့်အတူ လူမျိုးခြားတစ်ဦးကဲ့သို့လည်းကောင်း၊ အမှန်စင်စစ် ခရစ်တော်၏ တရားတော်ကိုလိုက်နာသောသူဖြစ်ကြောင်းနှင့် အားနည်းသောသူတို့ကိုဆွဲဆောင်ရန် ထိုသူတို့အလယ်တွင် မိမိကိုယ်ကိုအားနည်းသူဖြစ်စေခဲ့ကြောင်း၊ စကားတစ်ခွန်းတည်းဖြင့်ပြောရလျှင် “သူသည်အားလုံးသော သူတို့အတွက် အားလုံးသောအရာဖြစ်စေခဲ့ပါသည်”။

မည်သည့်နည်းဖြင့်မဆို ခရစ်တော်အတွက်လူတစ်ဦးရဖို့၊ အနည်းဆုံး တစ်ဦးတစ်ယောက်လောက် ကယ်တင်ခြင်းရဖို့အတွက် သူသည် ထိုနည်းတူအကြိမ်ကြိမ်ပြုခဲ့ပါသည်။ သူ့၌ ထင်ပြင်ဝိုးဝါးခြင်းမရှိ၊ ကြီးမားသည့် အောင်မြင်မှုမျိုးမျှော်လင့်ချက်များလည်းမထား၊ သူ၏ချစ်ခြင်းမေတ္တာကို အနည်းငယ်မျှသော လူတို့ကသာ

တုန့်ပြန်မည်ကိုလည်း ကောင်းစွာသိထားသည်။ သူတစ်ပါးကိုစေခိုင်းခြင်းငှာမဟုတ်ဘဲ အစေခံခြင်းငှာလည်းကောင်း၊ မိမိအသက်ကိုစွန့်၍ လူအများကိုကယ်တင်ခြင်းငှာလည်းကောင်း ကြွလာတော်မူသော (မာတေဦး ၂၀း၂၈) ဘုရားသခင်၏စံနမူနာအတိုင်း လူတိုင်းအပေါ်ချစ်ခြင်းမေတ္တာထားလျက် အရာရာ၌ အစေခံရန် မိမိကိုယ်ကိုပေးဆက်ခဲ့ပါသည်။ မည်သူကမျှ သခင်ယေရှုးထက်ပို၍ မိမိကိုယ်ကို အခြားသူများနှင့်တစ်လုံးတစ်ဝတည်းဖြစ်အောင်ပြုသူ ရှိဦးမည်နည်း။ မိမိကိုယ်တိုင်ပိုင်ဆိုင်သမျှကို စွန့်လွှတ်တော်မူ၍ အစေခံကျွန်၏သဏ္ဍာန်ကိုယူဆောင်တော်မူလျက် လူအဖြစ်၌မွေးဖွားခြင်းခံတော်မူ၏။" (ဖိလိပိ ၂း၇)

**"ငါသည် အားလုံးသောသူတို့အတွက် အားလုံးသောအရာဖြစ်လာ၏"**

ကယားရာလူးဘစ်က ထိုစကားစုအား သူ၏ချစ်ခြင်းမေတ္တာပါရမီတွင် အဓိကသော့ချက်များထဲမှတစ်ခုအဖြစ် ပြခဲ့ပြီး အကျဉ်းချုပ်အားဖြင့် "မိမိကိုယ်ကို တစ်သားတည်းဖြစ်စေပါ"ဟု ဖော်ပြပါသည်။ ထိုအထဲတွင် ပေးကမ်းခြင်းဆိုင်ရာလူမှုဆက်ဆံရေးပရိယာယ်တစ်ခုအဖြစ် ရှုမြင်ပါသည်။ တစ်စုံတစ်ယောက်ငိုကြွေးသောအခါ ကျွန်ုပ်တို့လည်းငိုကြွေးရမည်၊ တစ်စုံတစ်ယောက်ကရယ်မောလျှင်လည်း ကျွန်ုပ်တို့သည်လည်း သူနှင့်အတူ ဝမ်းမြောက်ကြရမည်။ သို့မှသာ လက်ဝါးကပ်တိုင်ကို လူအများ၏ပုခုံးထက်တွင် မျှဝေထမ်းကြသည်ဖြစ်၍ ဝမ်းမြောက်ခြင်းသည်အဆတိုးပွားကာ လူအများ၏နှလုံးသားတို့တွင် မျှဝေခံစားကြရသည် . . . စသည်ဖြင့် ရေးသားခဲ့ပါသည်။ သခင်ယေရှုး၏ချစ်ခြင်းနှင့်အတူ သခင်ယေရှုးကိုချစ်ဖို့အတွက် မိမိနှင့်နီးစပ်သောသူနှင့် တစ်လုံးတစ်ဝတည်းဖြစ်အောင်ပြုလုပ်ခြင်းဖြင့် ကျွန်ုပ်တို့အတွင်းမှာရှိသော ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်သည် နီးစပ်သူတို့၏နှလုံးသားကိုတို့ထိခံစားစေပြီး အပြန်အလှန်ကူညီကြခြင်းဖြင့်လည်းကောင်း၊ စိတ်ကူးစိတ်သန်းများအားဖြင့်လည်းကောင်း၊ စီမံကိန်းများအားဖြင့်လည်းကောင်း၊ ရင်းနှီးခင်မင်မှုများအားဖြင့်လည်းကောင်း ထိုသူအား ကျွန်ုပ်တို့နှင့်တစ်လုံးတစ်ဝတည်းဖြစ်လာစေပါလိမ့်မည်။ ယင်းကား သာမန်လူမှုဆက်ဆံရေးအသွင်ဖြင့် ပုံစံအမျိုးမျိုးဖော်ပြနိုင်သော ချစ်ခြင်းမေတ္တာလူမှုဆက်ဆံရေး ဖြစ်သည်။ သို့ဖြင့် ယင်းကရှိသမျှအကုန်လုံးမပြောပဲ မည်သို့စောင့်ရမည်၊ မည်သို့ပြောဆိုရမည်၊ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်အောင်မည်သို့လုပ်ရမည်ကိုသိပါသည်။ ယင်းကားဘုရားသခင်၏ လူမှုဆက်ဆံရေးပရိယာယ်ဆိုင်ရာ နှုတ်ကပတ်တော်ပင်ဖြစ်ပြီး ကျွန်ုပ်တို့အားသန့်ရှင်းမြင့်မြတ်စေသောလူ့ဇာတိကိုခံယူသည့် ဘုရားရှင်ကိုယ်တိုင် ဖြစ်စေသည်။

ဆရာမတစ်ဦး၏ကျွမ်းကျင်မှုနှင့်အတူ ကယားရာက မိမိကိုယ်ကို တစ်လုံးတစ်ဝတည်းဖြစ်စေသည့်အခါ နေ့စဉ်ကြုံတွေ့ရသည့်အခက်အခဲများကို ခွဲခြားသိမြင်စေသည်။ မကြာခဏဆိုသလို ကျွန်ုပ်တို့စိတ်ပျံ့လွင့်တတ်ကြသည်၊ စိတ်ထဲရှိရာကိုစိတ်လောပြီးပြောမိတတ်သည်၊ မှားယွင်းသောအကြံပြုချက်ပေးလိုက်မိတတ်ကြသည်။ အချို့သောဖြစ်ရပ်များတွင် ကျွန်ုပ်တို့သည် အခြားသူများနှင့်တစ်လုံးတစ်ဝတည်းဖြစ်ရန် ပွင့်ပွင့်လင်းလင်းမပြသကြပေ၊ အကြောင်းမှာ သူတို့က ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာကိုနားမလည်နိုင်ဟု သူထင်သောကြောင့် သို့မဟုတ် နည်းမျိုးစုံသောဝေဖန်ဆုံးဖြတ်မှုများကို ကျွန်ုပ်တို့ ခံရသောကြောင့်ဖြစ်သည်။ အချို့သောကိစ္စရပ်များတွင် ကျွန်ုပ်တို့၏အတွင်းစိတ်၌ အခြားသူတို့အပေါ်အနိုင်ယူလိုစိတ်က လွှမ်းမိုးနေတတ်သည်။ ထို့အတွက်ကြောင့် ကျွန်ုပ်တို့၏စိတ်နှလုံးအတွင်းဝယ် လွှမ်းမိုးနေရာယူနေသောအရာများအားလုံးကို

ဖြတ်တောက်ဘေးဖယ်ထားဖို့ အမှန်တကယ်လိုအပ်ပြီး သို့မှသာ အခြားသူများနှင့်တစ်လုံးတစ်ဝတည်း ဖြစ်အောင်ပြုနိုင်မှာဖြစ်ပါသည်။ ထိုချစ်ခြင်းမေတ္တာသည်သာလျှင် မိမိအကျိုးကိုမငဲ့၊ ပင်ပမ်းခြင်းမရှိဘဲ မည်သည့်အခြေအနေမျိုးတွင်မဆို စဉ်ဆက်မပြတ်ရှင်သန်လျက် ပို၍ကြီးမြတ်ပြီး ခိုင်မာသန်စွမ်းသော ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်၌ မိမိကိုယ်ကို အပ်နှံထားပါသည်။

အခြားသူတို့အား ရိုးသားစွာနားထောင်ပေးခြင်းအားဖြင့်လည်းကောင်း၊ အတွင်းစိတ်မှ အခြားသူတို့အား နားလည်မှုပေးတတ်ခြင်းဖြင့်လည်းကောင်း၊ လူတစ်ဦးတစ်ယောက်သည် မည်သည့်ခံစားချက်နှင့် သက်ရှင်နေထိုင်နေရသည်ကို သိမြင်ခြင်းဖြင့် လည်းကောင်း၊ ထိုသူ၏စိုးရိမ်ပူပန်မှုများနှင့် ဝမ်းမြောက်ပျော်ရွှင်မှုများအား မျှဝေခံစားပေးခြင်းဖြင့်လည်းကောင်း အသုံးဝင်လှသောထိုအတွေးအခေါ်အယူအဆများက ယခုလအသက်ပေးသည့်နှုတ်ကပတ်တော်ကို ကျင့်ကြံလိုက်လျှောက်ဖို့ရန် ကျွန်ုပ်တို့အတွက် အထောက်အကူဖြစ်စေနိုင်ပါသည်။

### "ငါသည် အားလုံးသောသူတို့အတွက် အားလုံးသောအရာဖြစ်လာ၏"

ဤနှုတ်တော်ထွက်စကား၏ဖိတ်ခေါ်ချက်ကို ကျွန်ုပ်တို့၏ယုံကြည်ချက်များအား ငြင်းပယ်ရမည်ဟူ၍လည်းကောင်း၊ အခြားသူတို့၏အမူအကျင့်အမျိုးမျိုးတို့ကို ပိုင်းခြားဝေဖန်ခြင်းမပြုဘဲ လက်ခံရမည်ဟူ၍လည်းကောင်း၊ မိမိတို့၏ကိုယ်ပိုင်ရွေးချယ်မှုနှင့် အတွေးအခေါ်များမရှိတော်သည့်အလား အဓိပ္ပာယ်ပြန်ဆို၍မရပါ။ အကယ်၍ ကျွန်ုပ်တို့က အခြားသူတို့အပေါ် စိတ်ရင်းစေတနာထားခဲ့သည်ဆိုပါလျှင်၊ အကယ်၍ကျွန်ုပ်တို့က မေတ္တာပြလျက် ရိုးသားသောဆက်ဆံရေးကိုဖန်တီးခဲ့ပါလျှင် သူတို့အနေဖြင့် နာကျင်ခံစားရစေကာမူ မိမိတို့၏ကိုယ်ပိုင်အတွေးအခေါ်အယူအဆများကို မေတ္တာအရင်းခံသက်သက်ဖြင့် ဖော်ပြနိုင်သည်၊ တင်ပြရမည်ဖြစ်သည်။ မိမိကိုယ်ကို တစ်လုံးတစ်ဝတည်းဖြစ်စေခြင်းဆိုသည်မှာ အားနည်းခြင်း သို့မဟုတ် ရေလိုက်ငါးလိုက်နေလိုသည့် အမှတ်လက္ခဏာမဟုတ်ပါ။ အမှန်က တစ်စုံတစ်ယောက်သည် အခြားသူတို့အား ကူညီလုပ်ဆောင်ပေးရန် လွတ်လပ်စွာရွေးချယ်သူဖြစ်သည်။ ယင်းအတွက် ရဲစွမ်းသတ္တိနှင့် ဖွဲ့ရှိဖို့လိုပါသည်။

မိမိကိုယ်ကို တစ်လုံးတစ်ဝတည်းဖြင့်ရန်ပြုခြင်း၏ ရည်ကြောင်းရင်းကို စိတ်ထဲစွဲမြဲထားဖို့အရေးကြီးပါသည်။

ယခုလအတွက် ကျွန်ုပ်တို့ကျင့်ကြံလိုက်လျှောက်ကြမည့် ရှင်ပေါလူး၏စကားများမှာ အနည်းဆုံး လူတစ်ဦးတစ်ယောက်လောက်ကယ်တင်ခြင်းရဖို့ဖြစ်ကြောင်း အရိပ်အမြွက်ဖော်ပြပြီးဖြစ်သည်။ ရှင်ပေါလူးက လူတို့ကယ်တင်ခြင်းရရှိဖို့ဆန္ဒအား မိမိကိုယ်ကိုတစ်လုံးတစ်ဝတည်းဖြစစေခြင်းနှင့်သတ်မှတ်ပါသည်။ ယင်းက အခြားသူတို့ထံတိုးဝင်ချဉ်းကပ်ရန်နည်းလမ်းပင်ဖြစ်ပြီး သူတို့အတွင်းမှ ကောင်းမြတ်ခြင်းနှင့် အမှန်တရားကို ဆွဲထုတ်ယူရန်နှင့် ရှိနေသောမည်သည့်မှားယွင်းမှုမျိုးကိုမဆို အဆုံးသတ်ရန်ဖြစ်သလို သမ္မာတရားတော်မျိုးစေ့ကို ပျိုးကြဲချပေးဖို့ပင်ဖြစ်ပါသည်။ ယင်းမှာ ကန့်သတ်မှု သို့မဟုတ် ဆင်ခြေပေးများမရှိဘဲ တမန်တော်တစ်ပါး အနေဖြင့်ခံယူရမည့် တာဝန်ဝတ္တရားပင်ဖြစ်သည်။ ယင်းကား ရှောင်လွှဲ၍မရပါ၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်ကိုယ်တော်တိုင် သူ့ကိုပေးအပ်ထားခြင်းဖြစ်ပြီး သူ့အနေဖြင့် မည်သည့်နည်းလမ်းဖြင့်မဆို လုပ်ဆောင်ရမည်ဖြစ်သည်။ ထိုဖန်တီးမှုဖြင့်သာလျှင် ချစ်ခြင်းမေတ္တာကို ဆောင်ကြဉ်းနိုင်ပါသည်။

ထိုရည်ရွယ်ချက်က အဆုံးတွင် ကျွန်ုပ်တို့ကိုယ်ကို တစ်လုံးတစ်ဝတည်းဖြစ်အောင်ပြုစေရန် တွန်းအားပေးပါသည်။ နိုင်ငံရေးနှင့်စီးပွားရေးတို့သည်လည်း လူအများနှင့်နီးစက်လိုကြသည်။ လူတို့၏တွေးခေါ်ပုံ၊ မျှော်မှန်းချက်နှင့် လိုအပ်ချက်များကို နားလည်သိရှိရန်ချဉ်းကပ်ကြသော်လည်း ၎င်းတို့က အမြဲတမ်း တစ်စုံတစ်ခုပြန်လည်ရယူလိုသည်။ ထိုအစား ကယားရာပြောခဲ့သည်မှာ ဘုရားသခင်၏လူမှုဆက်ဆံရေး ပရိယာယ်သည် ထိုကြီးမြတ်ခြင်းနှင့် ကိုယ်ပိုင်အရည်အသွေးရှိသည်။ ယင်းသည်အခြားသူများ၏ကောင်းမြတ် ခြင်းကိုတို့ထိခံစားနိုင်သည့်အတွက်ကြောင့် မည်သည့်တစ်ကိုယ်ကောင်းဆန်မှု အရိပ်ဆိုးများမှမဆို ရှောင်လွှဲနိုင်ခြင်းကို ဆိုလိုပါသည်။

ထို့အတွက်ကြောင့် “ကျွန်ုပ်တို့ကိုယ်ကို တစ်လုံးတစ်ဝတည်းဖြစ်စေခြင်း” က လူတိုင်းအားချစ်ခြင်းမေတ္တာတိုးပွားစေပြီး လူ့ဘောင်လောကကြီးအတွက် ဘုရားသခင်တောင့်တမျှော်လင့်ထားသည့် လူတို့သည် တစ်လောကလုံးနှင့်သက်ဆိုင်သော ညီရင်းအစ်ကိုမောင်နှမများဖြစ်အောင် ပါဝင်မှုပင်ဖြစ်ပေသည်။ ထို့အတွက်ကြောင့်လည်း သခင်ယေဇူးက သူ၏အသက်ကို ပေးဆက်ခဲ့ခြင်းပါသည်။

*Fabio Ciardi*